ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

ပြည်ထောင်စုဝန်ကြီးရုံး

<u>အမိန့်ကြော်ငြာစာ</u>

အမှတ်၊ ၉၇ /၂၀၁၉

၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်)

## ပြည်တွင်း၌နေထိုင်သူ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူ အဖွဲ့အစည်းများအား အစိုးရငွေချေးသက်သေခံလက်မှတ်များ ဝယ်ယူခွင့်ပြုခြင်း

၁။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသည် ပြည်တွင်းငွေချေးစာချုပ်ဈေးကွက် ဖွံ့ဖြိုးတိုးတက်လာစေရန်အလို့ငှာ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေ အခန်း (၁၄)၊ ပုဒ်မ ၄၄ (ခ) ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက်ပြည်တွင်း၌နေထိုင်သူနိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူအဖွဲ့အစည်းများကို အစိုးရငွေချေးသက်သေခံလက်မှတ်များ ဝယ်ယူခွင့်ပြုခြင်းနှင့်စပ်လျဉ်း၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေပါ ပြည်တွင်း၌နေထိုင်သူအဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် အကျုံးဝင်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသည့် နိုင်ငံခြားကုမ္ပဏီနှင့် ပြည်ပကော်ပိုရေးရှင်း၊ အသင်းအဖွဲ့ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေနှင့်အညီ မှတ်ပုံတင်ထားသည့် အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့များကို ၂-၁၂-၂၀၁၉ ရက်နေ့မှစ၍ အစိုးရငွေချေးသက်သေခံလက်မှတ်များအား သတ်မှတ်ချက်များနှင့်အညီ ဝယ်ယူခွင့်ပြုပါသည်။

၃။ ယင်းသို့ဝယ်ယူရာတွင် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများကတစ်ဆင့် ဆောင်ရွက်ရမည်ဖြစ်ပြီး **“ယင်းငွေချေးသက်သေခံ လက်မှတ်ကုမ္ပဏီများသည်”** မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ၉-၁၁-၂၀၁၇ ရက်စွဲဖြင့် ထုတ်ပြန်ထားသော Operational Procedure နှင့် T-Bond၊ T-Bill Offering Memorandum တို့နှင့်အညီ ဆောင်ရွက်ရမည်။

စိုးဝင်း

ပြည်ထောင်စုဝန်ကြီး

************************************************

စာအမှတ်၊ စဘစ / ဘဏ္ဍာ - ၂ / ၁ / ၂၉၅ (၅၁၇၈/၂၀၁၉)

ရက် စွဲ ၊ ၂ ၀ ၁ ၉ ခု နှစ်၊ ဒီဇင်ဘာလ ၂ ရက်

<u>ဖြန့်ဝေခြင်း</u>

ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ

အမိန့်အရ

2/12/2019

(ထွန်းထွန်းနိုင်)

အမြဲတမ်းအတွင်းဝန်

မိတ္တူကို

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ငွေတိုက်ဦးစီးဌာန

ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး

ပြည်တွင်းငွေချေးစာချုပ်ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များ